# စကားပြောနေသောဖဲချပ်ကလေး

ကပ်ပြားကလေး (၅၂) ချပ်တွင် ဂဏန်းများရေးထားသေ
ဖဲချပ်ကလေးများကိုကြည့်မည်ဆိုလျှင် တန်ဖိုးမရှိသော်လည်း ဖဲဗေ
တွင် အထူးတန်ဖိုးရှိလေသည်။ ငွေကြေးလုံးဝမပါဘဲ အပျင်း
ကစားလျှင် အထူးပျော်စရာကောင်းသောဖဲမှာ ဗေဒင်ကြည့်ေ
အနေနှင့်ကြည့်လျှင် တစ်မျိုးဖြစ်ပါသည်။ ဤနည်းက ကျွန်ေ
လေ့လာမိသလောက်ဆိုလျှင် စိတ်အာရုံပေါ် မူတည်ပါသည်။ အ
သဖြင့် အပျော်တမ်းသမားများနှင့် အထူးလိုက်ဖက်သော နည်းလ
ဖြစ်ပါသည်။

ဤနည်းစနစ်များမှာ နက္ခတ်နှင့်မဆိုင်ပါ။ ပညာ၏အ
(ဝါ) လျှို့ဝှက်ချက်များအပေါ်တွင် မူတည်ပါသည်။ ပညာ၏အထ
သိလျှင် အလွန်လွယ်ကူပါသည်။ စိတ်အာရုံခံစားမှုပေါ် မူတည်
အဟောများ ပြောင်းသွားသည်ကိုလည်း မြင်ဘူးပါသည်။ ဟောေ
သူသည် မည်မျှတော်နေသော်လည်း စိတ်အင်အား (Will Pow
မရှိလျှင်လည်း ထင်သလောက် မှန်လိမ့်မည် မဟုတ်ပေ။

စကားပြောနေသော ဖဲချပ်ကလေးများနှင့် ဟောလိုသောပုဂ္ဂိုလ်တိုင်းသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သလို အောက်ပါ နည်းစနစ်ဟောနည်းအတိုင်း ဟောရပါမည်။ ဟောကိန်းများ မည်သည့်နည်းဖြင့် ထုတ်ထားသည်ကို ကျွန်တော်အကျယ်မရေးချင်ပါ။ သို့သော်လည်း လူ့အထာ၊ လူ့သဘာဝကို လေ့လာ၍ရေးသည်။ ဂဏန်းများ၏အင်အားကိုမှီး၍ (ဂဏန်းဗေဒင်နည်းမျိုး) လည်း ဟောပါသည်။ အဟောနည်းများကို မိမိတို့ နောင်သမ္မာရင့်လာလျှင် တီထွင်၍ရပါသည်။ သဘောတရားနားလည်အောင် ဖတ်ပါ။

ဖဲတစ်ထုပ်ကို ဂျိုကာနှစ်ကောင်နှင့်ပါဆိုလျှင် (၅၄) ချပ်ရှိပါသည်။ ဂျိုကာလွတ် (၅၂) ဖြစ်သည်။ ဖဲတွင် အပွင့် (၄) မျိုးရှိပါသည်။ ယင်းတို့မှာ ညွှင်း၊ ထောင့်၊ ဘိန့်၊ ဖူးတို့ ဖြစ်ပါသည်။ တစ်မျိုးလျှင် (၁) မှ (၁၀) အထိ ပါသည်။ ဘုရင်၊ ဘုရင်မ၊ အိမ်ရှေ့မင်းသား သုံးကောင်နှင့် ပေါင်းလျှင်တစ်မျိုးလျှင် ဖဲ (၁၃) ချပ်စီပါပါသည်။ လေးမျိုးပေါင်းလျှင် (၅၂) ချပ်ဖြစ်ပါသည်။

မိတ်ဆွေသည် တစ်စုံတစ်ယောက်သောသူကို ဖဲဖြင့် ဗေဒင်ဟောလိုလျှင်လည်းကောင်း၊ ဖဲဗေဒင်မေးလာလျှင် လည်းကောင်း၊ မိတ်ဆွေတွင် အမြဲဆောင်ထားသည့် ဖဲထုပ်ကိုယူလိုက်ပါ။ မိမိမှာ အမြဲဘမ်းကိုင်သော ဖဲဖြင့်သာ ဟောကြားပါ။ တွေ့ရာဖဲဖြင့် မဟောပါနှင့်။ ထို့ပြင် ကစားပြီးသော ဖဲဖြင့်လည်း မဟောပါနှင့်။ မိမိတွင်ရှိသောဖဲသည် စုတ်သွားလျှင်သွားပါစေ လက်ရှိဖဲကိုသုံးပါ။ သို့မဟုတ်ပါကက အသစ်ဖဲဝယ်၍ ဟောပါ။ မိမိဖဲကို လေးလေးစားစား သိမ်းထားပါ။ နောက် မိမိမှာတစ်သက်လုံး ဖဲဖြင့်လောင်းမကစားရ။

မိမိအမြဲတမ်းကိုင်နေကျဖဲကို (၉) ကြိမ်တိုင်တိုင် ကုလားဖန်ထိုးပါ။ သေသေချာချာရေတွက်ပြီး ကုလားဖန်ထိုးပါ။ ကုလားဖန်ထိုးပြီးလျှင် ဖဲကိုနောက်ကျအတိုင်း ယပ်တောင်ဖြန့်ဖြန့်ပါ။ ဖြန့်ပြီးအောက်ချပါ။ ဗေဒင်မေးလိုသောပုဂ္ဂိုလ်က သူ့ဖာသာ သူ့စိတ်ကြိုက်ဖဲတစ်ချပ်ယူပါစေ။ ဖဲကို မကြည့်ဘဲ ယူရပါမည်။ မကြည့်ဘဲယူလိုက်သောဖဲကို မိမိကတောင်းယူ၍ ကြည့်လိုက်ပါ။ ဆိုကြပါစို့ ယူလိုက်သောဖဲမှာ ဖူး (၅) ဖြစ်နေလျှင် အတွင်း၌ပါသည့် ဖူး (၅) ၏ ဟောကိန်းအတိုင်း ဟောရပါမည်။

ဗေဒင်တွင် မည်သည့်ဗေဒင်ကိုဟောဟော အရေးကြီးလိုအပ်ချက်မှာ ကိုယ်ကျင့်တရားဖြစ်ပါသည်။ ကျင့်စဉ်ပေါ် မူတည်ပါသည်။ သစ္စာပေါ် မူတည်ပါသည်။ ဗေဒင်ပညာရပ်မှာ သိပ္ပံနည်းကျသော်လည်း တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း စသဖြင့် စိတ်အင်အားကြီးမားလာအောင် မပြုလုပ်လျှင် မှန်သင့်သလောက် မမှန်ပေ။ ထို့ကြောင့် ဗေဒင်ဟောမည်ဟု ဆုံးဖြတ်လျှင် တစ်နေ့ပုတီး (၁၀) ပတ်စီ မှန်မှန်စိပ်သင့်ပါသည်။ ဥပုသ်မှန်မှန် စောင့်သင့်ပါသည်။ ယင်းသို့ ပြုလုပ်နေလျှင် မိမိတို့၌ ထူးထူးခြားခြား စိတ်အင်အားတစ်ခု လွှမ်းမိုးလာ၍ မိမိဟောသမျှပြောသမျှ မှန်နေသည်ကို တွေ့ရပါမည်။

လူတစ်ဦးတစ်ယောက်၏ ကုသိုလ်ကံကြမ္မာသည် မည်သူကမှ ပြုပြင်နိုင်ခြင်း၊ ပြောင်းလွှဲနိုင်ခြင်း မပြုလုပ်နိုင်ပါ။ ကံဆိုးနေခြင်းကိုလည်း ကံကောင်းအောင် မပြုလုပ်နိုင်ပါ။ ကံကောင်းနေခြင်းကိုလည်း ကံဆိုးအောင်မပြုလုပ်နိုင်ပါ။ ကုသိုလ်ကံသည် မိမိမွေးကတည်းက ပါလာသော အထုံတစ်ခုဖြစ်ပါသည်။ တစ်ခုရှိပါသည်။ ကံဆိုးနေလျှင် ကံကောင်းအောင်မလုပ်နိုင်သော်လည်း လူကောင်းအောင် ကာယကံရှင်က ပြုလုပ်နိုင်ပါသည်။ ဘုရားဟောအတိုင်း စေတနာသည် မူလပထမ၊ ကံကြမ္မာသည်ဒုတိယ ဖြစ်ပါသည်။ စိတ်ရင်းစေတနာနှင့် ပြုလုပ်နေသောသူသည် ကံဆိုးလျှင်လည်း များများစားစား မခံရဘဲ နည်းနည်းပါးပါးနှင့် ကျိန်းကျေသွားပါမည်။ ကံကောင်းလျှင်လည်း အထူး တစ်ရှိန်ထိုး တိုးတက်သွားပါမည်။ ထို့ကြောင့်စေတနာသည် ကံတရားကို လွှမ်းမိုးထားပါသည်။ လူတို့၏ လုပ်ကိုင်ခြင်းသည် ကံတရားဟု ပြောခြင်းမှာ မှန်ပါပေသည်။

ယခု ဤစာအုပ်ကိုဖတ်ပြီး အကောင်းများကိုဖတ်ကာ ကျေနပ်တင်းတိမ်မနေကြပါနှင့်၊ အဆိုးများကိုဖတ်ပြီးလည်း ကြောက်လန့်တုန်လှုပ်ချောက်ချား မနေကြပါနှင့် လောက၌ ကောင်းလျှင်ကောင်းမည်၊ မကောင်းလျှင်ဆိုးမည်၊ ဤနှစ်ချက်သာရှိပါသည်။ ဘဝတွင် အတွင်းကျကျ သိရှိနားလည်ပြီး မကောင်းလျှင်ကောင်းအောင်၊ ကောင်းလျှင်ပိုကောင်းအောင် ပြုပြင်ဖန်တီးကာ လူ့သက်တမ်းအတွင်း လူထဲကလူဖြစ်ရန် ကြိုးစားကြပါဟု ပြောလိုပါသည်။